အချိန်ကာလနီးကပ် (တိုတောင်း) မှုမဖြစ်သေးသမျှ
ကိယာမသ်ဖြစ်မည်မဟုတ်ပေ။
အဗူဟူရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။
အချိန်ကာလနီးကပ် (တိုတောင်း) မှုမဖြစ်သေးသမျှ ကိယာမသ်ဖြစ်မည်မဟုတ်ပေ။ တစ်နှစ်သည်
တစ်လကဲ့သို့၊ တစ်လသည် တစ်ပတ်ကဲ့သို့၊ တစ်ပတ်သည် တစ်ရက်ကဲ့သို့၊ တစ်ရက်သည်
တစ်နာရီကဲ့သို့၊ တစ်နာရီသည် စွန်ပလွံရွက် မီးလောင်သွားသည့်
အချိန်အတိုင်းအတာကဲ့သို့ ဖြစ်သွားပေလိမ့်မည်။
[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] [အိမာမ် အဟ်မဒ် ဆင့်ပြန်ခဲ့သည်။]
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က အချိန်ကာလ နီးကပ် (တိုတောင်း)
လာခြင်းသည် ကိယာမသ်၏ နိမိတ်လက္ခဏာများတွင်ပါဝင်ကြောင်း
အသိပေးမိန့်ကြားတော်မူခဲ့သည်။ ထို့ကြောင့် တစ်နှစ်သည် တစ်လကဲ့သို့ ကုန်ဆုံးသွားမည်။
တစ်လသည် တစ်ပတ်ကဲ့သို့ ကုန်ဆုံးသွားမည်ဖြစ်သည်။ ခုနှစ်ရက်ရှိသော ဂျုမုအဟ်တစ်ပတ်သည်
တစ်ရက်ကဲ့သို့ ကုန်ဆုံးသွားမည်။ ထိုကဲ့သို့ပင် တစ်ရက်သည် တစ်နာရီကဲ့သို့
ကုန်လွန်သွားမည်ဖြစ်ပြီး တစ်နာရီသည် စွန်ပလွံရွက် မီးလောင်သွားသကဲ့သို့
အလွန်လျင်မြန်စွာ ကုန်ဆုံးသွားမည်ဖြစ်သည်။
https://sunnah.global/hadeeth/my/show/65027